ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လားရှိုးမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ – ၂၀၂၁)

(Village Development Project)

ကောင်းကော်ကျေးရွာအုပ်စု၊ ကောင်းကန်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကောင်းကန်ကျေးရွာ၊ လားရှိုးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ကောင်းကန်ကျေးရွာသယံဇာတပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၆
	ကောင်းကန်ကျေးရွာရာသီခွင်ပြပြက္ခဒိန်၊ လာ:ရှိုးမြို့နယ်	၇
	ကောင်းကန်ကျေးရွာနှင့်အဖွဲ့အစည်းများ ဆက်စပ်မှုပြမြေပုံ၊ လာ:ရှိုးမြို့နယ်	၈
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	တည်နေရာနှင့်ပထဝီဝင်အနေအထား	၉
၂။	ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ	၉
၃။	လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၁
၄။	ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ	၁၁
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၁၂
	(က) သီးနှံစိုက်ပျိုးရေး	၁၂
	(ခ) မွေးမြူရေးလုပ်ငန်း	၁၃
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၄
	(ဃ)ရွှေ့ပြောင်းလုပ်သားများ	၁၄
	(င) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်	၁၄
	(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၅
၆။	အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ	၁၅
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၅
	(ခ) ကျေးရွာမီးလင်းရေး	၁၅
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	၁၅
၇။	ပညာရေး	၁၅
၈။	ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆
၉။	ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၇
၁၀။	ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ	၁၇
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၇
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး	၁၇

၁၃။	**ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**	**၁၈**
	အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်	
	စီမံချက်အဆိုပြုလွှာ(၁)	၂၀
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၂၂
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၂၃
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမကနည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏


ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဩဂုတ်လ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကောင်းကန်ကျေးရွာ
လားရှိုးမြို့နယ်

ကောင်းကန်ကျေးရွာသယံဇာတပြမြေပုံ၊ လား:ရှိုးမြို့နယ်



ကောင်းကန်ကျေးရွာရာသီခွင်ပြပြကွဒိန်၊ လားရှိုးမြို့နယ်



ကောင်းကန်ကျေးရွာအဖွဲ့အစည်းများနှင့်ဆက်စပ်မှုပြပုံ၊ လား:ရှိုးမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

ကောင်းကန်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့နယ်အတွင်း၌ တည်ရှိပါသည်။ လားရှိုးမြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး ဇရိယာအကျယ်အဝန်းမှာ(၁) စတုရန်းမိုင်ရှိပါသည်။ မိုင်းယော်တိုက်နယ်မှ (၁၀)မိုင်ခန့်ကွာဝေးပါသည်။ ကျွန်မတို့ရွာသည် တောင်တန်းဒေသဖြစ်ပြီး ကျေးရွာ၏တောင်ဘက်တွင် “လွယ်ဖတန်”အမည်ရှိ တောင်တန်းတစ်ခုရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျွန်မတို့ကျေးရွာ၏ ရေမြေရာသီဥတုအနေအထားမှာ တောင်ကုန်းတောင်တန်း/မြေပြန့်များဖြင့် ဖွဲ့စည်းထားပြီး ရာသီဥတုမှာ အပူအအေး မျှတမှုရှိပါသည်။ ကျွန်မတို့ကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်တို့မရှိပါ။ ကျောက်၊ သဲ အသင့်အတင့်ရှိပါသည်။ ကျွန်မတို့ကောင်းကန်ရွာတွင် သဘာဝဆေးဖက်ဝင်အပင်များစွာ ရှိပါသည်။ သစ်တောထွက်သဘာဝသစ်ပင်များ ပေါက်ရောက်ပြီး သားရဲတိရစ္ဆာန်များစွာရှိပါသည်။ သဘာဝအပင်မျိုးစိတ်များ၊ နွားစာ၊ ဆေးဖက်ဝင်အပင်များ အများအပြားလွယ်ကူစွာ ရရှိနိုင်ပါသည်။ လူဦးရေထူထပ်လာခြင်းနှင့် သစ်တောပြုန်းတီးခြင်းများကြောင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ ယခုအခါ ရှားပါးလာပါသည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကောင်းကန်ကျေးရွာတွင် ရှမ်းလူမျိုးများ အများစုနေထိုင်ကြပါသည်။ အိမ်ထောင်စု (၇၆) အိမ် ရှိပြီး လူဦးရေစုစုပေါင်း(၂၉၅)ဦးရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄-၅)ဦး ရှိပါသည်။ လူဦးရေမှာ ကျား(၁၃၈)ယောက်၊ မ (၁၅၇)ယောက် စုစုပေါင်း(၂၅၉) ယောက်ရှိပါသည်။ နို့စို့အရွယ်ကလေးမ (၂)ယောက်၊ (၅)နှစ်အောက် ကလေးငယ်မှာ ကျား(၇)ယောက်၊ မ(၉)ယောက်၊ မူလတန်းကျောင်းသားအရွယ် ကျား(၁၆)ယောက်၊ မ(၁၈)ယောက်၊ အလယ်တန်းကျောင်းသားအရွယ် ကျား(၂၃)ယောက်၊ မ(၂၈)ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ်မှာ ကျား (၈၈)ယောက်၊ မ(၁၀၀) ယောက်၊ သက်ကြီးရွယ်ကြီး တွင် ကျား(၄) ယောက်ရှိပါသည်။ မွေးကင်းစကလေးများသည် ကျန်းမာသန်စွမ်းကြပါသည်။ မိဘအများစုသည် ကလေးများကို ကာကွယ်ဆေးထိုးပေးကြပြီး တစ်ချို့သောမိဘများသည် ကလေးများဖျားနာမည်စိုးသောကြောင့် ကာကွယ်ဆေးမထိုးပေးကြပါ။ မိဘအများစုသည် ၃နှစ်မှ၅နှစ်

အထိ ကလေးငယ်များကို မူကြိုကျောင်းမရှိသဖြင့် ၎င်းအစ်ကို၊ အစ်မများ၊ ဘိုးဘွားများက ထိန်းကျောင်းပေးပြီး မိဘများကဝမ်းစာအတွက် အလုပ်သွားလုပ်ကြပါသည်။ တချို့မိဘများမှာ အိမ်တွင်နေပြီး ကလေးထိန်းရင်း အိမ်မှုကိစ္စများကို လုပ်ကြပါသည်။ ကလေးများသည် (၆)နှစ်မှစ၍ မူလတန်းကျောင်းကို စတင်တက်ရောက်ကြပါသည်။ ကျွန်မတို့ ကောင်းကန်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းရှိပါသည်။ ကျောင်းသို့ ခြေလျင်ဖြင့် သွားကြပါသည်။ (၀.၁) မိုင်အတွင်း တည်ရှိပါသည်။ ကျွန်မတို့ ကျေးရွာတွင် မြို့ပေါ်သို့ တက်ရောက်ကာ တက္ကသိုလ်၊ ကောလိပ်တွင် ပညာသင်ယူနေသော ကျောင်းသား/သူ အနည်းငယ်သာရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်များသည် တောင်ယာ၊ လယ်၊ ကျပန်းလုပ်ငန်းများ၊ စက်ချုပ်ခြင်းနှင့် ဈေးရောင်းခြင်းတို့ကို လုပ်ကိုင်ကြပြီး တစ်ချို့သောသူများသည် ပြည်တွင်း၊ ပြည်ပနိုင်ငံများသို့ သွားရောက်ကာ အလုပ်လုပ်ကိုင်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျွန်မတို့ ကောင်းကန်ကျေးရွာ၏ အဓိကစီးပွားရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဈေးဆိုင်ရောင်းခြင်းလုပ်ငန်းတို့ဖြစ်ပါသည်။ ကျွန်မတို့ရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိုးရေကိုသာ အဓိကအားထား၍ စိုက်ပျိုးကြပြီး တစ်သီးစားလယ်ယာများဖြစ်ပါသည်။ မိုးရာသီမှလွဲ၍ နွေနှင့်ဆောင်းရာသီများတွင် အခြားသီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိပါ။ ကျွန်မတို့ကောင်းကန်ကျေးရွာတွင် ပြောင်း၊ နှင့် တောင်ယာ စပါးကို အဓိကစိုက်ပျိုးပြီး မြေပဲကို အနည်းငယ်စိုက်ပျိုးကြပါသည်။ နှမ်းနှင့် ပဲပုတ်များကိုလည်း ရွာအနီးနားတွင် အနည်းငယ်စိုက်ပျိုးကြပါသည်။ အိမ်ထောင်စု(၇၆) အိမ်အနက် (၆၅)အိမ်မှာ လယ်ယာ၊ တောင်ယာစိုက်ပျိုးသော အိမ်ထောင်စုများဖြစ်ပြီး အခြားရွာများထိ သွားရောက်လုပ်ကိုင်ကြပါသည်။ အကြောင်းမှာ လယ်ယာစိုက်ပျိုးမြေ ရှိသော်လည်း အရင်အမြစ်များ မရှိသောကြောင့် ဖြစ်သည်။ အခြားသော အိမ်ထောင်စု အနည်းငယ်မှာ ရာသီအလိုက်ထွက်သော ဆေးဖက်ဝင်အပင်များ၊ နွယ်ပင်များ၊ "ဝ"ဥနှင့် အခြားတောထွက်သစ်ဥသစ်ဖုများ ရွာဖွေရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ နွေရာသီနှင့်ဆောင်းရာသီများတွင် အခြားဒေသသို့သွားရောက်ပြီး နေ့စား၊ လခစား အလုပ်သမားအဖြစ် လုပ်ကိုင်လေ့ရှိကြပါသည်။ ကျွန်မတို့ရွာရှိ မြေအမျိုးအစားမှာ မြေနီများဖြစ်ပါသည်။ ကျွန်မတို့ဒေသရှိ မြေများသည် မြေနီများဖြစ်သောကြောင့် မိုးရာသီ ၌သာ စိုက်ပျိုးနိုင်ပြီး ဆောင်းရာသီမှစ၍ မြေအစိုဓာတ်နည်းလာပြီး မြေများ ခမ်းခြောက်ကာ မည်သည့်သီးနှံကိုမှ စိုက်ပျိုး၍မရနိုင်ပါ။ ချောင်းများရှိသော်လည်း သစ်တောပြုန်းတီးခြင်းကြောင့် ရေများအလွန်နည်းလာပြီး မိုးရာသီ၌ မိုးများရွာချမှသာလျှင် စိုက်ပျိုးရေ ရရှိ

နိုင်သည်။ ထို့ကြောင့် နွေနှင့်ဆောင်းရာသီများတွင် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ခြင်း မရှိ ပါ။

ကျေးရွာ၏ အခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသောအိမ်ထောင်စု(၈၀%)ရှိသောကြောင့် ကျေးရွာကို ဆင်းရဲသောကျေးရွာဟု သတ်မှတ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၇%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၅၄%)။ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု(၃၉%)ရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု (၃)ကောအထက်ရှိခြင်း၊ ငွေတိုးချေးစားခြင်း၊ အိမ်ကြီးအိမ်ကောင်းများနှင့်နေထိုင်ခြင်း၊ လယ်ယာသုံးစက်ကရိယာများဖြစ်သည့် လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်များပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှု(၁)ကေမှ (၂)ကေ အထိ ပိုင်ဆိုင်ကြပါသည်။ အဆင်းရဲဆုံးအိမ်ထောင်စုများသည် မြေယာပိုင်ဆိုင်မှုမရှိဘဲ ကြံရာကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြရပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု အနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။

ကျွန်မတို့ ကောင်းကန်ကျေးရွာတွင် နေ့စားအလုပ်သမားဌားရမ်းရာတွင် ကျားတစ်ဦးလျှင် အများဆုံး(၈၀၀၀)မှ (၆၀၀၀)ထိ ပေးရပါသည်။ အမျိုးသမီးများမှာ အများဆုံး(၅၀၀၀)မှ အနည်းဆုံး(၄၀၀၀)ထိပေးရပါသည်။ လုပ်ငန်းများတွင် အလေးအပင်မနိုင်ခြင်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိခြင်းဖြစ်ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်မတို့ရွာ၏ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၈၀%)ရှိသော်လည်း (၃)လမှ (၆)လအထိ ချေးငှားခြင်းမပြုကြဘဲ ထမင်းပုံမှန်နှပ်မှန်အောင် စားသောက်နိုင်ပါသည်။ အိမ်ထောင်စုများသည် အများအားဖြင့် ချေးငှားပြီး ဝမ်းစာဖြည့်တင်းကြ ပါသည်။ ငွေချေးယူရာတွင် ငွေတိုးချေးစားသူများထံမှ ချေးငွေကိုယူပြီး စားသုံးရန်၊ သာရေး/နာရေးနှင့် လုပ်ငန်းလုပ်ကိုင်ရန်အရင်းအနှီးအတွက် ချေးယူခြင်းနှင့် အခြားဒေသသို့သွားရောက်၍ အလုပ်လုပ်ကိုင်ရန်အတွက် ခရီးစရိတ်များအဖြစ် ချေးငှားကြ ပါသည်။

ကျွန်မတို့ကောင်းကန်ကျေးရွာတွင် မူးယစ်ဆေးဝါးများ သုံးစွဲသူများပြားလာသောကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ဦးဆောင်နိုင်သော အမျိုးသားများနည်းပါးလာခြင်း၊ အိမ်ထောင်စုထဲ ပဋိပက္ခ ဖြစ်ခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အလေးထား၍ ဆောင်ရွက်မှုမရှိခြင်း၊ ကျပန်းလုပ်ငန်း လုပ်ကိုင်သော လုပ်သားများပေါများလာခြင်း ၊ အမျိုးသမီး ဦးဆောင်သည့်

ဆင်းရဲသားအိမ်ထောင်စုများပြားလာခြင်းနှင့် ဈေးဆိုင်ရောင်းချသူများ ပေါများလာခြင်းကြောင့် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ ဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျွန်မတို့ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ရွာ၏ ငွေရေးကြေးရေး၊ ဘာသာရေး၊ လုံခြုံရေးနှင့်အခြားကိစ္စများကို အသင့်အတင့်စွမ်းဆောင်ပြီး လုပ်ကြပါသည်။ ဘာသာရေးအဖွဲ့မှာ ရွာ၏ဓလေ့ထုံးစံအတိုင်း ပွဲလမ်းသဘင်နှင့်အခြားအလုပ်များကို တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ အမျိုးသား/သမီးအဖွဲ့များလည်း ရွာ၏ စိုက်ပျိုးမွေးမြူရေး၊ သာရေး၊ နာရေး၊ ကျန်းမာရေးစသည့် တာဝန်များကို လက်တွဲညီညီဆောင်ရွက်ကြပါသည်။ မီးသတ်တပ်ဖွဲ့များလည်း မီးဘေးအန္တရာယ်နှင့်လုံခြုံရေး ကိစ္စများကို ဆောင်ရွက်ပေးပါသည်။ကျေးရွာတွင်း အဖွဲ့များသည် ရပ်ရွာအကျိုးများကို ရွာသူရွာသားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းဖြစ်သည့် WHH အဖွဲ့သည် ဂျာမနီနိုင်ငံမှ လာရောက်ကူညီဆောင်ရွက်ပေးနေသော အဖွဲ့အစည်းဖြစ်ပါသည်။ ရွာ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျန်းမာရေးစသည့် အသိပညာဗဟုသုတများလည်း လာရောက်သင်ကြားပေးပါသည်။ (Covid-19) ကာလတွင်လည်း စားဝတ်နေရေးအတွက် လာရောက်ပံ့ပိုးပေးပါသည်။ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်။

၅။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျွန်မတို့ ကောင်းကန်ကျေးရွာတွင် စိုက်ပျိုးမြေကပေါင်း(၁၁၀)ကရှိပြီး မစိုက်ပျိုးပဲ ထားသော မြေလွတ်မြေလပ်မရှိပါ။ ကောင်းကန်ကျေးရွာ၏ လယ်မြေမြေဆီလွှာ အရည်အသွေးမှာ အသင့်တင့်သာလျှင် ကောင်းမွန်ပါသည်။ မြေဩဇာနိုင်နိုင်ထည့်နိုင်မှသာလျှင် သီးနှံအထွက်နှုန်း ကောင်းမွန်နိုင်ပါသည်။ ယာမြေများလည်း ထိုနည်းဖြင့် ဖြစ်ပါသည်။

ကျွန်မတို့ ကောင်းကန်ကျေးရွာ၏ (၁၄.၄၇%)သည် မြေယာမဲ့သူများဖြစ်ပြီး ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြသည်။ တစ်နေ့လုပ်တစ်နေ့စားကြသူများဖြစ်သည်။ မြေပိုင်ဆိုင်မှု ၂.၅ကအောက် ရှိသော အိမ်ထောင်စုသည် (၈၄.၂၁%)ခန့်ရှိပြီး ဆင်းရဲသား တောင်သူ များဖြစ်၍ မြေယာအနည်းငယ်ရှိပါသည်။ မြေပိုင်ဆိုင်မှု ၂.၅ကမှ ၅ကကြားရှိသော အိမ်ထောင်စုသည် (၁.၃၂%)ခန့်ရှိပြီး တောင်သူငယ်များဖြစ်၍ လယ်ယာမြေ လုံလောက်မှုရှိပါသည်။ ကျွန်မတို့ကျေးရွာတွင် မြေပိုင်ဆိုင်မှု ၅ကမှ ၁၂.၅ကကြားရှိသော တောင်သူလတ်နှင့်

မြေပိုင်ဆိုင်မှု၁၂.၅ကေအထက်ရှိသော တောင်သူကြီးများမရှိပါ။

ကျွန်မတို့ ကောင်းကန်ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပါသည်။ ကျွန်မတို့ကောင်းကန်ရွာတွင် ပြောင်းနှင့်စပါးကို အဓိကစိုက်ပျိုးပြီး မြေပဲနှင့်ပဲပုတ်ကို တစ်ပိုင်တစ်နိုင် အနည်းငယ်သာစိုက်ပျိုးကြပါသည်။ ပြောင်းအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး(၂၀)အိတ်မှ အများဆုံး(၃၀)အိတ်ထွက်ရှိပြီး ပျမ်မျှအထွက်နှုန်း မှာ (၂၅)အိတ်သာ ထွက်ရှိပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်း ဆုံး(၃၀)တင်းမှ အများဆုံး (၄၀)တင်းထွက်ရှိပြီး ပျမ်းမျှအထွက်နှုန်းမှာ (၃၅) တင်း ခန့်သာ ရရှိပါသည်။ အချို့သော တောင်သူများမှာ မြက်ပင်များကို မနှိမ်နှင်းနိုင်ခြင်း၊ မြေဆီများကို လုံလောက်စွာ အသုံးမပြု နိုင်ခြင်းကြောင့် အထွက်နှုန်းအလွန်ပင်နိမ့်ကျ ပါသည်။ လယ်စပါးများမှာ ဇွန်လတွင် စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြပါသည်။ အမြတ်မှာများစွာမရရှိပေ။ ကျွန်မတို့ကောင်းကန်ကျေးရွာ၏ စိုက်ပျိုးရေးအတွက် မြေဩဇာများနှင့် မျိုး ကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ ကျွန်မတို့ကျေးရွာတွင် သဘာဝဘေး အန္တရာယ်များကြောင့် မြေဆီ ပျက်စီးခြင်း မရှိပါ။ဓာတ်မြေဩဇာသုံးခြင်း၊ ဓာတုပိုးသတ်ဆေးများ ဖြန်းခြင်းကြောင့်သာ မြေဆီ များ ပျက်စီးရပါသည်။သီးနှံစိုက်ပျိုးရာတွင် မြေဆီ နည်းသောကြောင့် မြေဩဇာ အများအပြား ထည့်၍ စိုက်ပျိုး ရသဖြင့် အရင်းနှီးများ၍ အမြတ်နည်းသည်ကို တွေ့ရှိရပါသည်။

ကျွန်မတို့ကျေးရွာတွင် လက်တွန်းထွန်စက်မှာ (၁၁)အိမ်သာရှိပြီး (၂၆)အိမ်မှာ ငှားရမ်း၍ လုပ်ကိုင်ကြရ ပါသည်။ များစွာမစိုက်ပျိုးနိုင်သော မိသားစုမှာ လူအားနှင့်စိုက်ပျိုးကြ ပါသည်။ ခြွေလှေ့စက်များလည်း (၃)အိမ်သာရှိပြီး အခြားမိသားစုမှာ အငှားဖြင့် ခြွေလှေ့ကြ ပါသည်။ ရေစက်စုပ်မှာ အသုံးပြုဖို့ မလိုအပ်သောကြောင့် တစ်အိမ်သာရှိ ပါသည်။ မြက်ရိတ်စက်များမှာ(၅)ခုသာ ရှိပြီး အချို့အိမ်ထောင်စုများမှာ လူအားဖြင့် ရိတ်ကြ ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန်အတွက် ချေးငွေကို ငွေချေးသူများထံတွင် အတိုးနှုန်း(၁၀%)ဖြင့် ချေးယူ၍ ရနိုင်ပါသည်။ ချေးငွေရရှိရန် အခက်အခဲများ အနည်းငယ်ရှိပါသည်။ ဆွေမျိုးများထံမှ ချေးငွေကို ကာလတိုချေးငွေဖြင့် လစဉ်အတိုးမဲ့ဖြင့် ချေးယူလေ့ရှိသည်။ ချေးယူရန် အခက်အခဲ အနည်းငယ်ရှိပါသည်။ ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကိုလည်း နီးစပ်ရာ ပြောင်းဖူး ပွဲရုံများထံတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံများကို ရောင်းချနိုင်သော်လည်း ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်ပါ။ ကျွန်မတို့ရွာသည် လယ်ယာမြေကို စိုက်ပျိုးရာတွင် နည်းပညာပိုင်းဆိုင်ရာ အသိပညာလုံးဝမရှိသဖြင့် နည်းလမ်းမှန်ကန်စွာ မစိုက်ပျိုးနိုင်ခြင်းနှင့် ဖျက်ပိုးရောဂါ ကျရောက်မှု အနည်းငယ်ရှိခြင်းကြောင့် ပြောင်းအထွက်နှုန်းနည်းပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျွန်မတို့ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၂၁)အိမ်ရှိပြီး နွားကောင်ရေ

(၈၀)ကောင်၊ အိမ်ထောင်စု(၅)အိမ်မှ ကျွဲ(၈)ကောင်၊ အိမ်ထောင်စု(၅)အိမ်မှ မြင်း(၈)ကောင်၊ အိမ်ထောင်စု(၁၂)အိမ်မှ ဝက်(၂၁) ကောင်၊ အိမ်ထောင်စု(၄၂)အိမ်မှ ကြက်(၂၅၃)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။ ကျွန်မတို့ကျေးရွာတွင် နွား၊ ကျွဲ၊ မြင်း၊ ဝက်၊ ကြက်၊ ဘဲစသည့် တိရစ္ဆာန်များသာ မွေးမြူကြ ပါသည်။ ၎င်းတို့အနက် ကြက်ကိုအများဆုံးမွေးမြူကြ ပါသည်။ အခြားတိရစ္ဆာန်များသည် မွေးမြူရန်အရင်းနှီး မရှိ သောကြောင့် မမွေးမြူကြပါ။ ထို့ကြောင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု မှာ အလွန်နည်းပါးပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးဖြစ်သော ကျွဲ၊ နွား၊ ဝက်၊ ကြက်တိရိစ္ဆာန် များကို ခွာနှာ၊ လျှာနှာ၊ တုပ်ကွေး၊ ဝမ်းကျရောဂါများ ဖြစ်ပွားလျက်ရှိပါသည်။ ဆေးဝါးဗဟုသုတပညာ မွေးမြူကြပါသည်။ ယခုနှစ်တွင် ကျွဲ၊ နွားတိရစ္ဆာန်ပိုမိုမွေးမြူလာ ကြသောကြောင့် စားကျက်မြေရှားပါးမှုနှင့်လည်း ရင်ဆိုင်နေရပါသည်။ တိရစ္ဆာန်များတွင် ကျရောက်တတ်သော နည်းပါးသောကြောင့် ဆုံးရှုံးမှုများ လည်းရှိပါသည်။ အချို့တိရစ္ဆာန် များ မှာ အချိန်မီဆေးဝါးကုသနိုင်ခြင်း မရှိသောကြောင့် မဆုံးရှုံးသင့်ပဲ တိရစ္ဆာန်များ သေဆုံး နေကြကြောင်းကိုလည်း လေ့လာသိရှိရပါသည်။ တိရစ္ဆာန်ရောင်းဝယ်မှု လုပ်ငန်းတွင် ယခုနှစ်တွင် ရသင့်ရထိုက်သည့် ဈေးနှုန်းများမရရှိကြောင်းကို မွေးမြူရေးလုပ် ကိုင်ရန် ချေးငွေအသင့်အတင့်ရနိုင်ပြီးအစာ၊ ဆေးများကိုလည်း နီးစပ်ရာဈေးကွက်တွင် ဝယ်ယူ နိုင်ပါသည်။ ကျွန်တော်တို့ ရွာသည် မွေးမြူရေးအတတ်ပညာ၊ အသိပညာ ဝန်ဆောင်မှုများ မရပါ။ မွေးမြူရေးနည်းပညာ ဝန်ဆောင်မှုများရရှိလျှင် ကျွန်တော်တို့ရွာ အတွက် အလွန် အဆင်ပြေပြီး ရွာသူ/ရွာသားများအတွက် အလုပ်အကိုင်ရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ပြီး မိသားစုတစ်ကွဲတစ်ပြားဖြင့် ရပ်ဝေးသို့ သွားရောက်၍ စီးပွားရှာစရာ မလိုတော့ပါ။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအချို့မှာ မိသားစုများ အနေဖြင့် ပန်းရံ၊ လက်သမား၊ နေ့စား၊ ကျပန်းဈေးရောင်းခြင်းလုပ်ငန်းများကိုလည်း လုပ်ကိုင် လျက်ရှိပါသည်။ ရာသီအလိုက်ထွက်သော ဆေးဖက်ဝင်အပင်များ၊ နွယ်ပင်များ၊ “ဝ”ဥနှင့် အခြားတောထွက်သစ်ဥသစ်ဖုများ ရွာဖွေရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုသော အိမ်ထောင်စုအနည်းငယ်ရှိ ပါသည်။ ထင်းခုတ်ခြင်း၊ သစ်ဥနှင့်သစ်ဖုရှာဖွေခြင်းလုပ်ငန်းနှင့် ခြံထွက် သီးနှံများ ဈေးသို့သွားရောက်ရောင်းချခြင်း လုပ်ငန်းများမှာ ဈေးကွက် မကောင်း သောကြောင့် လုပ်သားများငှားရမ်းရန် မလိုအပ်ပါ။ ကျွန်မတို့ကျေးရွာတွင် မဟာ ဓါတ်အားလိုင်း မရရှိသောကြောင့် ဆိုလာမီးများကိုသာ အများစုအသုံးပြုကြရ ပါသည်။ ရွာတွင် လက်သမား၊ ပန်းရံလုပ်ငန်း များကို တတ်ကျွမ်းသူ အနည်းငယ်ရှိပါသည်။

ကျွန်မတို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ဒေသထွက်ကုန်များ ရောင်းချရန် စျေးကွက်နှင့်အသိအမြင်များ မရှိ၍ စျေးကွက်အခြေအနေကို ကောင်းစွာနားမလည်ပါ။ ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံများမရှိ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရန် ရာသီမရွေးလုပ်ငန်းခွင်မရှိဘဲ အလုပ်အကိုင်ရှားပါးပါသည်။ အသက်မွေးဝမ်းကျောင်း ပညာနှင့်နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်လျက်ရှိပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်မတို့ရွာတွင် ဘဏ်နှင့်ပုဂ္ဂလိကချေးငွေများ အဖွဲ့အစည်းဖွဲ့၍ ချေးသောငွေများလုံးဝ မရရှိပါ။ချေးငွေပေးသောသူမှာ အနည်းငယ်သာရှိပြီး ကာလတိုချေးငွေအဖြစ်ချေးပေးပါသည်။ ထိုချေးငွေကို ဥလမှဖြလအတွင်း ချေးပေးပြီး အတိုးကို ၁၀%အထက်ချေးပေးပါသည်။ ပစ္စည်းများကို ချေးယူသည့်ငွေပမာဏကို ကြည့်ပြီး အပေါင်ခံ ပစ္စည်းကို ယူလေ့ရှိပါသည်။ ချေးငွေရရှိရန် အခက်အခဲများ အနည်းငယ်ရှိပါသည်။ ဆွေမျိုးများထံမှ ချေးငွေကို ကာလတိုချေးငွေဖြင့် လစဉ်အတိုးမဲ့ဖြင့် ချေးယူလေ့ရှိသည်။ ချေးယူရန် အခက်အခဲအနည်းငယ်ရှိပါသည်။

၆။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်မတို့ကောင်းကန်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်အဖြစ် အများအားဖြင့် ဆိုင်ကယ်နှင့်သာ သယ်ယူပို့ဆောင်ပြီး ကားနှင့်ထော်လာဂျီများဖြင့် သယ်ယူပို့ဆောင်သော အိမ်မှာအနည်းငယ်သာရှိပါသည်။ ယခင်ကန္တားလှည်းများအသုံးပြုသော်လည်း ယခုအခါတွင် အသုံးမပြုတော့ပါ။

ကျွန်မတို့ကျေးရွာရှိ ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး လွန်ခဲ့သော(၅)နှစ်အထက်က ဖောက်လုပ်ခဲ့သော လမ်းများဖြစ်ပါသည်။ တစ်နှစ်ပတ်လုံးသွားလာရသောကြောင့် မိုးရာသီတွင် ရေတိုက်စားခြင်းကြောင့် သွားလာရမလွယ်ကူပါ။ ရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းမှာ ၁မိုင်ခန့်ရှည်ပြီး ရွာချင်းဆက်လမ်းသည် ၁.၅မိုင်ခန့်ရှည်လျားပါသည်။ ထိုလမ်းများသည် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးခြင်း မရှိပါ။ မိုးရေကြောင့် ရေတိုက်စားခြင်းကြောင့် အနည်းငယ်ပျက်စီးပါသည်။

ကျွန်မတို့ရွာတွင် ကွန်ကရစ်တံတား၊ သစ်သားတံတားနှင့်ရေပြွန်တံတားများရှိပါသည်။ ကွန်ကရစ်တံတား(၁)စင်းမှာ လွန်ခဲ့သော(၅)နှစ်အထက်က တည်ဆောက်ခဲ့သော တံတားဖြစ်ပြီး တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။ ဘေးအ န္တရာယ်များကြောင့် ပျက်စီးခြင်းမရှိ ပါ။ တံတားများသည် ဘေးအန္တရာယ်များကြောင့် ပျက်စီးခြင်းမရှိသော်လည်း အာမခံခိုင်ခံမှုမရှိပါ။

(ခ) ကျေးရွာမီးလင်းရေး

ကျွန်မတို့ရွာတွင် မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးလျှပ်စစ်မီးမရရှိသောကြောင့် ဆိုလာပြားများကိုသာ အများဆုံးအသုံးပြုကြပါသည်။ ဆိုလာမီးအသုံးပြုသောအိမ်ထောင်စု(၄၇)အိမ်၊ အသေးစားရေအား လျှပ်စစ်အသုံးပြုသောအိမ်ထောင်စု (၂)အိမ်ရှိပြီး ဒီဇယ်သုံးအင်ဂျင် အသုံးပြုသောအိမ်ထောင်စုမှာ(၁)အိမ်ရှိပါသည်။ ဆိုလာမီးစနစ်ကိုအသုံးပြုနိုင်သော်လည်း ဆိုလာတခုခုပျက်စီးချို့ယွင်းခဲ့ပါက ဆိုလာပြုပြင်ထိန်းသိမ်းပေးမည့် သူလည်းမရှိသောကြောင့် အခက်အခဲများကြုံတွေ့နေရပါသည်။

(ဂ) သတင်းနှင့်ဆက်သွယ်ရေး

ကျွန်မတို့ရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း၊ တီဗွီနှင့် ဂြိုလ်တု စလောင်းများမှ ကြည့်ရှုနားဆင်နိုင်ပါသည်။ သို့သော်လည်း အသုံးပြုရန် မီးအား မလုံလောက်မှုနှင့် လိုင်းများမကောင်းသောကြောင့် တခါတရံအခက်အခဲတွေ့ရှိရပါသည်။ သတင်းအချက်အလက်များသိရှိရန်နှင့် လူမှုရေးကိစ္စများအတွက် ဖုန်းလိုင်းမမိလျှင် ရွာ၏ တောင်ထိပ်တွင်တက်ပြီး ဖုန်းဆက်ရပါသည်။ ဖုန်းမရှိသောသူများသည်လည်း လက်ကိုင်ဖုန်းဖြင့် တောင်ထိပ်တိတက်၍ ဖုန်းဆက်လေ့ရှိကြပါသည်။

၇။ ပညာရေး

ကျွန်မတို့ရွာရှိကျောင်းသည် မူလတန်းကျောင်းဖြစ်ပြီး ရွာနှင့်အကွာအဝေးမှာသာ(၁)မိုင်ခန့်သာ ကွာဝေးပါသည်။ ကျောင်းသူ/သားများသည် ကျောင်းသို့ ခြေလျင်ဖြင့်သာသွားပြီး အခြားရွာများလည်း ခြေလျင်ဖြင့်သာ သွားလာရပါသည်။ ကျောင်း၏ အဓိုး၊ နံရံ၊ အခင်းများ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျောင်းသုံး ပရိဘောဂများမှာ လုံလောက်စွာမရှိပါ။ ကျောင်းသား/သူများ အာဟာရတိုက်ကျွေးမှုအစီအစဉ်ရှိပါသည်။ ဆရာ/မများမှာ (၃)ဦးသာရှိပြီး ဆရာ(၂)ဦးနှင့် ဆရာမ(၁)ဦးဖြစ်ပါသည်။ကျောင်းသားနှင့် ဆရာ/မ လုံလောက်မှုမရှိကြောင်း လေ့လာ တွေ့ရှိပါသည်။

ကျွန်မတို့ရွာတွင် လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများ အနည်းငယ်သာရှိပါသည်။ မူလတန်းတွင် သင်ကြားနေသော ကျောင်းသား/သူ စုစုပေါင်း ကျား/မ(၅၇)ဦးသာရှိပြီး အလယ်တန်းတွင် သင်ကြားနေသော ကျောင်းသား/သူများမှာ မ(၃)ဦးသာရှိ ပါသည်။ ကျွန်မတို့ရွာသည် စီးပွားရေးမပြေလည်မှုနှင့် ပညာရေးအကြောင်းကို သိရှိသူနည်း ပါးသောကြောင့် လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများများမရှိပါ။ ဘွဲ့ရပညာတတ်များ အလွန်အလွန် နည်းပါးလာပါသည်။ ဤကဲ့သို့ဖြစ်ရသော အကြောင်းရင်းများကို ဖော်ပြရလျှင် ထို အကြောင်းများ ကြောင့်သာဖြစ်နိုင်သည်။ မိသားစုဆင်းရဲနွမ်းပါးခြင်း၊ လုပ်ငန်းခွင်၌ ကူညီလုပ်ဆောင်မည့်သူမရခြင်း၊ ပညာရေးစိတ်မဝင်စားခြင်း၊ အသက်အရွယ်မပြည့်ခင် အိမ်ထောင်ပြုခြင်းများကြောင့်ဖြစ်ပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျွန်မတို့ရွာတွင် ကျန်းမာရေးဆရာမများမရှိသောကြောင့် ကာကွယ်ဆေးများ မထိုးနှံရ *ပါ။* လွန်ခဲ့သော(၁၂)လအတွင်း မေးခိုင်ကာကွယ်ဆေးတစ်ခါသာလာရောက်ထိုးနှံပေးဖူးပါသည်။ အခြားကာကွယ်ဆေးများ ထိုးနှံခြင်း မရှိပါ။ အာဟာရပညာပေးသော သင်တန်းများမှာ WHH အဖွဲ့မှလာရောက်ပို့ချ ပေးသော အစီအစဉ်သာရှိပါသည်။ ကျန်းမာရေး ကာကွယ်ဆေးများသာမက အခြားရောဂါများဖြစ်ခဲ့လျှင် ဆေးရုံဆေးပေးခန်း ဆရာမများမရှိသောကြောင့် အခက်အခဲ များစွာ တွေ့ရပါသည်။ ကျွန်မတို့ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုရှိပါသည်။ အခန်းကုတင်လုံလောက်မှုမရှိပါ။ မိုင်းယော်တိုက်နယ်ဆေးရုံမှ ရွာနှင့်(၁)မိုင်ခန့်ကွာဝေးပြီး အခန်းနှင့်ကုတင်လုံလောက်မှုရှိပါသည်။ လားရှိုးမြို့နယ် ဆေးရုံနှင့်(၁၀)မိုင်ကျော်ကွာဝေးပြီး အခန်းကုတင်လုံလောက်မှုရှိပါသည်။ ရွာအတွင်းတွင်လည်း ဆေးဆိုင်များရှိပြီး ဆေးဝါးများကိုစနစ်တကျသိုလှောင်ထားပါသည်။

ကျွန်မတို့ရွာသည် သောက်သုံးရေအတွက် ရေတွင်းရှိသော အိမ်ထောင်စုတစ်စုသာရှိပြီး ရေအရည်အသွေးစမ်းသပ်စစ်ဆေးထားခြင်းမရှိဘဲ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။ မြစ်ရေ၊ ချောင်းရေများ လည်း အသင့်အတင့်ရှိပြီး တစ်နှစ်ပတ်လုံးအသုံးပြုနိုင်ပါသည်။ ရေကန်ရှိသော အိမ်မှာ(၇) အိမ်သာရှိ၍ တစ်နှစ်ပတ်လုံးအသုံးပြုနိုင် သည်။ စိမ့်စမ်းရေများလည်း ရှိ၍ တစ်နှစ်ပတ်လုံးရေ မခမ်းခြောက်နိုင်ပါ။ကျွန်မတို့ ကျေးရွာတွင် အများအားဖြင့် အိမ်တိုင်းနီးပါးသန့်ရှင်းသော ရေလောင်းယင်လုံအိမ်သာကိုသာ သုံးစွဲကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကောင်းကန်ကျေးရွာသည် စိုက်ပျိုးရေးကို လုပ်ကိုင်သော ရွာဖြစ်သောကြောင့် စိုက်ပျိုးသည့် အချိန် တွင် အထွက်နှုန်းတိုးရန်အတွက် ဓာတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံးရပါ သည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျွန်မတို့ရွာသည် သစ်တော သစ်ပင် မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များကို စိုက်ပျိုးခြင်း မရှိပါ။ ရွာတွင် ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက် နည်းပါးပါသည်။ သစ်ပင်များခုတ်လှဲ မှုများ၍ သဘာဝအပင်မျိုးစိတ်များ ပြုန်းတီးမှုများသောကြောင့် အပင်မျိုးစိတ်များပျက်သုန်းမှုအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။ ဖျက်ပိုးများ ခရုများကျရောက်သည့်အချိန်တွင် နည်းပညာအကူအညီများ မရယူဘဲ နီးစပ်ရာအချင်းချင်း(သို့မဟုတ်)မိမိအစီအစဉ်ဖြင့်သာ ပိုးသတ်ဆေးများဖြန်း၍ နှိမ်နှင်းကြပါသည်။ စိမ့်စမ်းရေကို အဓိကသုံးစွဲကြသဖြင့် မိုးရာသီ၌ ရေကြီးမှုနှင့် ရေတိုက်စားမှုများကြောင့် ရေတားတမံများ ပျက်စီးခြင်း၊ မြေပြိုခြင်းများ ဖြစ်နိုင်ပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ ချောင်းမြောင်းထဲတွင် စွန့်ပစ်ကြပါသည်။ အချို့အိမ်များသည် အမှိုက်များကို မီးရှို့ဖျက်ဆီး ကြပါသည်။ အမှိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျွန်မတို့ကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှု၊ ခေါင်းဆောင်မှု အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီးများ ၏ အခွင့်အရေးမှာ အမျိုးသားများနှင့် နှိုင်းစာလျှင် ရိုးရာယဉ်ကျေးမှုအရ အမျိုးသားများကသာ အိမ်ထောင်ကို ဦးစီးကြပါသည်။ အမျိုးသမီးအများစုမှာ လုပ်ငန်းခွင်နှင့် အိမ်မှုကိစ္စ၊ သားသမီး၊ မိသားစုအရေးများအတွက်ဖြင့်သာ အချိန်ကုန်မြှပ်နှံထားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်မှုရှိကြောင်း တွေ့ရှိရပါသည်။ ပတ်ဝန်းကျင်မြို့ပြနှင့် ဗဟုသုတဝေးကွာနည်းပါးလှပါသည်။ အမျိုးသမီးအများစုမှာ အုပ်ချုပ်ရေး အပိုင်းတွင် စိတ်ဝင်စားမှု အလွန်နည်းပါးလှပါသည်။ သာရေး/နာရေး ချက်ပြုတ်ရေး ကိစ္စများတွင် အမျိုးသားများထက် ပို၍ စွမ်းဆောင်နိုင်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်မှာ နည်းပါးပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်မတို့ရွာတွင် လူငယ်များ အနားယူ အပန်းဖြေရန် နေရာများ မရှိပါ။ ရွာတွင်းရှိ လူငယ်များသည် လူမှုရေးနှင့် ဘာသာရေး ကိစ္စများတွင် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်မှု အားနည်းပါသည်။ မူးယစ်ဆေးဝါးကြောင့် တက်ကြွစွာမပါဝင်နိုင်ပါ။ အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန် နေရာနှင့် အထောက်အကူပစ္စည်းများ မရှိပါ။ လူငယ်များသည် ရိုးရာဓလေ့များနှင့် ယဉ်ကျေးမှု အမွေအနှစ် များ ထိန်းသိမ်းစောင့်ရှောက်မှုတွင်လည်း အားနည်းနေပါသည်။ မိမိတို့၏ ရိုးရာစာပေများကို နွေရာသီ ကျောင်းပိတ်ရက်တွင် သင်ကြားပေးလျက်ရှိပါသည်။ လူငယ်များ လေ့လာသင်ယူနိုင်မည့် လူငယ် ရိပ်သာ၊ စာကြည့်တိုက်များ မရှိပါ။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျွန်မတို့ရွာတွင် တယ်လီဖုန်းလိုင်းရှိသော်လည်း၊ တယ်လီဖုန်းတာဝါတိုင်များ၊ အင်တာနက်လိုင်း၊ ရုပ်မြင်သံကြားလိုင်း၊ ရေဒီယိုလိုင်းများ၊ ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်ဆိုင်ရာ ဖြန့်ဝေခြင်းဆိုင်ရာ အထောက်အကူပြုအဆောက်အဦများ မရှိပါ။ ကျေးရွာတွင် လူကုန်ကူး မှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။ မူးယစ်ဆေးဝါးများ အလွယ်တကူ ဝယ်ယူ သုံးစွဲနိုင်သောကြောင့် မူးယစ်ဆေးဝါး သုံးစွဲမှုအနည်းငယ် ရှိပါသည်။

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

၁၃။ ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေးအဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း	၁	✓	✓			
၂	ရွာတွင်း ကျောက်ကြမ်းလမ်းခင်းခြင်းလုပ်ငန်း	၂	✓	✓			
၃	ရွာချင်းဆက်တံတားတည်ဆောက်ခြင်းလုပ်ငန်း	၃	✓	✓	✓		
၄	ကျေးလက်အိမ်ယာတည်ဆောက်ခြင်းလုပ်ငန်း	၄	✓	✓	✓	✓	✓
၅	ဖုန်းတာဝါတိုင်ရရှိရန် ဆောင်ရွက်ခြင်း	၅	✓	✓	✓	✓	✓
၆	ကျေးလက်ကျန်းမာရေး ဆရာမအင်အား လိုအပ်ချက်အား တောင်းဆိုခြင်း	၆	✓	✓	✓	✓	✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁) ကောင်းကန်ကျေးရွာ

ကျေးရွာ	- ကောင်းကန်ကျေးရွာ
ကျေးရွာအုပ်စု	- ကောင်းကော်ကျေးရွာအုပ်စု
မြို့နယ်	- လား:ရှိုးမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်- စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျွန်မတို့ကောင်းကန်ကျေးရွာတွင် စိမ့်စမ်းရေသွယ်တန်းထားရှိသော်လည်း ပိုက်လုံးများ သေးငယ်၍ ရွာထဲရှိ အိမ်တိုင်းလုံလောက်စွာအသုံးမပြုနိုင်ပါ။ တည်ဆောက်ထားသော ရေကန်မှာလည်း သေးငယ်၍ ရေများမသိုလှောင်နိုင်ပါ။ ထို့ကြောင့် ရေပိုက်သွယ်တန်းခြင်းနှင့် ဂါလံ(၂၀၀၀)ရေကန်တည်ဆောက်ခြင်းစီမံချက်ကို တောင်းခံခဲ့ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • ရေကောင်းရေသန့်ရရှိရန်၊ • သောက်သုံးရေလုံလောက်စွာ ရရှိရန်။	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • ရေကောင်းရေသန့်ရရှိခြင်း၊ • ရွာသူရွာသားများ ရေလုံလောက်စွာ သုံးစွဲနိုင်ခြင်း၊ • စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ရွာရှိဘုန်းကြီးကျောင်းများတွင် ရေရရှိခြင်း၊ • ကျေးရွာလည်းယခင်ကထက်ပိုမိုတိုးတက်လာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်) • ရေပိုက်သွယ်တန်းခြင်း (၂" Ø ၆၃၀၀')၊ နှင့် ဂါလံ(၂၀၀၀)ရေကန်တည်ဆောက်ခြင်းလုပ်ငန်း(၁၂'× ၆'× ၅')	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀(ငွေသား) • ××××××××(ငွေသား) • ၆၀၀၀၀၀(ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၃၈	၁၅၇	၂၉၅	–	၇	၅၄	၁၅	၇၆
အကျိုးခံစားမည့်သူဦးရေ	၁၃၈	၁၅၇	၂၉၅	–	၇	၅၄	၁၅	၇၆
မှတ်ချက်။ ။ချောင်လည်အဆင့်–၁၊အလယ်အလတ်အဆင့်–၂၊ဆင်းရဲ–၃၊အလွန်ဆင်းရဲ–၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် နှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) **ကောင်းကန်**ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၇.၂.၂၀၂၁
(၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၅.၄.၂၀၂၁
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် – • ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးပါမည်။ • ရေပိုက်သွယ်တန်းခြင်းနှင့်ဂါလံ(၂၀၀၀)ရေကန်တည်ဆောက်ရာတွင် ကျေးရွာသူ/သားများ စည်းစည်းရုံးရုံးနှင့် လူအင်အားများစုစည်းကာ ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။ • လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ • လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။ • လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲလုပ်ဆောင်ပါမည်။ • ရေပိုက်သွယ်တန်းခြင်းနှင့် ဂါလံ(၂၀၀၀)ရေကန်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ရေရှည် တည်တံ့စေရေး အတွက် စည်းမျဉ်းစည်းကမ်းနှင့် ညွှန်ကြား ချက်များထားရှိပါမည်။ • ရေပိုက်နှင့် ဂါလံ(၂၀၀၀)ရေကန်ပြုပြင်မှုအားမပျက်စီးအောင်ကျေးရွာသူ/ကျေးရွာသားများ အားလုံးထိန်းသိမ်းသွားပါမည်။ • ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

ကောင်းကော်ကျေးရွာအုပ်စု၊ ကောင်းကန်ကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဆန်စုန်	ဦးဝါလ	၁၃/လရန(နိုင်) ၁၅၄၂၁၁	၆၁	ဥက္ကဋ္ဌ	
၂	ဦးစိုင်းလှရွှေ	ဦးစိုင်းစံဘ	၁၃/လရန(နိုင်) ၁၄၂၆၅၂	၃၇	အဖွဲ့ဝင်	
၃	ဦးစိုင်းဆာအေး	ဦးဆန်လူ	၁၃/လရန(နိုင်) ၁၅၄၁၉၅	၃၇	စာရင်းကိုင်	
၄	ဦးသိန်းနိုင်စိုး	ဦးမြင့်	၅/ဝလန(နိုင်) ၁၇၁၂၇၉	၃၈	ဘဏ္ဍာရေးမှူး	၀၉-၂၅၆၃၉၉၄၅၉
၅	ဒေါနန်းခမ်းဟန်	ဦးပူလွယ်ဆန်နု	၁၃/လရန(နိုင်) ၁၄၁၁၀၃	၆၀	သော့ကိုင်	
၆	ဒေါနန်းမွေခမ်း	ဦးကျန်လေး	၁၃/လရန(နိုင်) ၁၂၇၇၁၇	၃၉	သော့ကိုင်	
၇	ဒေါခိုင်ဦး	ဦးမောင်တင်	၁၃/လရန(နိုင်) ၀၈၀၆၇၂	၄၂	အတွင်းရေးမှူး	၀၉-၂၅၇၅၁၄၁၄

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစိုင်းလှရွှေ	ဦးစိုင်းစံဘ	၁၃/လရန(နိုင်) ၁၄၂၆၅၂	၃၇	ဥက္ကဋ္ဌ	
၂	ဒေါနန်းခမ်းဟန်	ဦးပူလွယ်ဆန်နု	၁၃/လရန(နိုင်) ၁၄၁၁၀၃	၆၀	ဒေါနန်းခမ်းဟန်	
၃	ဒေါနန်းမွေခမ်း	ဦးကျန်လေး	၁၃/လရန(နိုင်) ၁၂၇၇၁၇	၃၉	ဒေါနန်းမွေခမ်း	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်		၂	၂		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၉	၁၆		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၆	၁၈	၃၄		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၃	၂၈	၅၁	၁	
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၈၈	၁၀၀	၁၈၈		၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄		၄		
စုစုပေါင်း		၁၃၈	၁၅၇	၂၉၅	၁	၂
စုစုပေါင်း အိမ်ထောင်စု						၇၆

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုခန့်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ နို့စို့အရွယ်ကလေးများအားလုံး ကာကွယ်ဆေးပုံမှန်ထိုးကြပါသည်။ ကလေးငယ်များကို အသက် ၁နှစ်-၁ခွဲတွင် နို့ရည်တိုက်ကျွေးမှုမပြုတော့ဘဲ ထမင်းများ နှင့်မုန့်ပဲသရေစာများကိုသာ ကျွေးကြပါသည်။ ကလေးများ အားလုံးအသက်(၆)နှစ်ပြည့်လျှင် မူလတန်းပညာကို သင်ယူကြပါသည်။ ကျွန်မတို့ ကျေးရွာရှိ သက်ကြီးရွယ်ကြီးများမှာ ဆေးရုံဆေးပေးခန်းနှင့်လက်လှမ်းမမီခြင်းနှင့် ငွေကြေးမတတ်နိုင်မှုများကြောင့် မသေဆုံးသင့်ပဲသေဆုံးကြရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	၆၉	၁၀၇	၂၁	၅၁	၅၆		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇	၁၀		၇	၃		မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း						၈	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အင်္ဂါလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား						၆၉	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

